ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

(၂၈)ရက်မြောက်နေ့ အစီအစဉ်

[ ၁၈–၅– ၂၀၁၆ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာ ပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ပြည်သူ့လွှတ်တော် အစည်းအဝေး (၂၈)ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးကံဦး၊ စလင်း မဲဆန္ဒနယ်၏ မြန်မာနိုင်ငံသည် အခမဲ့မူလတန်း ပညာရေးစနစ်ကို စတင်ကျင့်သုံးနေပြီဖြစ်ရာ ကလေးငယ်များ၏ ပညာရေးတိုးတက်အောင် ဆရာ၊ ဆရာမများ အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ရန် ဘုန်းတော်ကြီးသင် ပညာရေး ဆရာ၊ ဆရာမ များ၏ လစာကို အစိုးရမူလတန်း ဆရာ၊ ဆရာမများ နည်းတူ တိုးမြှင့်ပေးဆောင်ရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးလင်းဇော်ထွန်း၊ မိုင်းဖြတ် မဲဆန္ဒနယ်၏ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်၊ မွန်ကာကျောင်းကျေးရွာအုပ်စု၊ မခန်းကျေးရွာမှ ဟိုပေါ့ရွာအထိ (၁၃)မိုင်ရှည်လျားသော မြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်၏ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် ဆည်ပေါင်းမည်မျှရှိပါသနည်း၊ ၎င်းတို့အနက်မှ အကျိုးမပြုတော့သော ဆည်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် မည်မျှ ရှိ၍ မည်သည်တို့ဖြစ်ပါသနည်း၊ ၎င်းဆည်များသည် မည်သည့်အကြောင်းအရင်းများကြောင့် အကျိုးမပြုဆည်များ ဖြစ်နေပါသနည်း၊ ယင်းဆည်များကို ပြန်လည်၍ အကျိုးပြုဆည်များ ဖြစ်အောင် လုပ်ဆောင်ရန်နည်းလမ်းများ ရှိပါသလား၊ နည်းလမ်းများရှိပါက မည်သည့် နည်းလမ်းများဖြစ်ပါသနည်း၊ နည်းလမ်းများ မရှိပါက အဘယ်ကြောင့်တို့ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ က တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ က တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ က တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီတွင် ပါဝင်ရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် ကော်မတီအဖွဲ့ဝင် ပြောင်းလဲထည့်သွင်း ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော "ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း" ကို လက်ခံရရှိကြောင်း အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၁၂။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော "နိုင်ငံတော်ကောင်စီ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း" ကို လက်ခံရရှိကြောင်း အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၁၃။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး (၂၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၉)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။